ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက်

**ညွှန်ကြားချက်အမှတ် (၁/၂၀၂၀)**

အကြောင်းအရာ။ **ဗဟိုဘဏ်၏အတိုးနှုန်း၊ အပ်ငွေများအပေါ်ပေးသည့်အတိုးနှုန်းနှင့် ချေးငွေများအပေါ်တောင်းခံနိုင်သည့်အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်း**

ရည် ညွှန်း ချက်။ (၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၇-၁၂-၂၀၁၁ ရက်စွဲပါ ညွှန်ကြားချက်အမှတ်(၁၀/၂၀၁၁)

(၂) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၇-၁၂-၂၀၁၁ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁၁/၂၀၁၁)

(၃) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၁၅-၁-၂၀၁၉ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၉)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၄၁ (ဈ) အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏အတိုးနှုန်း (Bank Rate)ကို တစ်နှစ်လျှင် (၁၀) ရာခိုင်နှုန်းမှ (၉.၅) ရာခိုင်နှုန်းသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ ဘဏ်များ၏ အပ်ငွေများအပေါ်ပေးသည့်အတိုးနှုန်းနှင့် ချေးငွေများအပေါ်တောင်းခံနိုင်သည့်အတိုးနှုန်းများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

(က) ငွေစုစာရင်းအပ်ငွေ၊ ငွေစုလက်မှတ်နှင့် အချိန်စေ့မှပေးရမည့်အပ်ငွေတို့အပေါ်တွင် ပေးရမည့် အနည်းဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအောက်(၂)ရာခိုင်နှုန်း(၉.၅% - ၂% = ၇.၅%) ထက် မနည်းစေရ၊

(ခ) အောက်ပါအာမခံပစ္စည်းများရယူ၍ ထုတ်ချေးသည့်ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအထက် (၃) ရာခိုင်နှုန်း (၉.၅% + ၃% = ၁၂.၅%) ထက် ကျော်လွန်၍ ကောက်ခံခြင်းမပြုရ-

- မြေနှင့် အဆောက်အဦ၊ ရွှေ-ရွှေထည်ပစ္စည်း၊ စိန်နှင့် အဖိုးတန်ကျောက်မျက်ရတနာများ၊ ငွေစုလက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ စာရင်းသေအပ်ငွေ

(အချိန်ပိုင်းအပ်ငွေ)၊ အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များနှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ လက်ရောက်အပေါင် (Pledge)၊ ချေးငွေအာမခံ (Credit Guarantee) ဖြင့် ထုတ်ချေးသည့် ချေးငွေများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာသတ်မှတ်သည့် အာမခံပစ္စည်းများ စသည်တို့ကို အခြေပြု၍ ထုတ်ချေးသည့်ချေးငွေများ။

(ဂ) အထက်အပိုဒ် (ခ) ပါ အာမခံပစ္စည်းများမှအပ အခြားအာမခံပစ္စည်းရယူ၍ဖြစ်စေ၊ အာမခံပစ္စည်းရယူခြင်းမပြုဘဲဖြစ်စေ၊ ထုတ်ချေးသည့်ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအထက် (၆) ရာခိုင်နှုန်း (၉.၅% + ၆% = ၁၅.၅ %) ထက် ကျော်လွန်၍ ကောက်ခံခြင်းမပြုရ၊

(ဃ) ဘဏ်များမှ ကောက်ခံနိုင်သည့်အများဆုံးအတိုးနှုန်းတွင် ကတိခံကြေး၊ စီမံခန့်ခွဲမှုစရိတ် စသည့်အခကြေးငွေများ ပါဝင်ပြီးဖြစ်သည်။

၃။ ဤညွှန်ကြားချက်သည် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁) ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

(ပုံ) xxxxxxxxx

ဥက္ကဋ္ဌ(ကိုယ်စား)

(စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ)

**ဖြန့်ဝေခြင်း**

ဘဏ်များအားလုံး

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ